**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

**တတိယနေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၇ ခုနှစ်၊ မေလ ၂၂ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဥ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ ဘက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၃.၃၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ရဲ့ တတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ ၂၂-၅-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှဦး၊ စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဖခင်ဖြစ်သူ ကျန်းမာရေး။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ သမီးဖြစ်သူ မင်္ဂလာဆောင်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေးနှင့် ဗိုလ်ကြီးဒေါ်သန်းသန်းဝင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဖခင်ဖြစ်သူ၏ နာရေးကိစ္စတို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၄)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၁၁)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၁၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြ အပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၁၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(င)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ကော်မတီများတွင် ကော်မတီဝင်နေရာများ အစားထိုးဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီများတွင် ကော်မတီဝင်နေရာများ အစားထိုးဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ကော်မတီဝင် ဗိုလ်မှူးချုပ်အောင်စန်းချစ် အစား ဗိုလ်မှူးချုပ်ခင်မောင်အေး အား လည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီတွင် ကော်မတီဝင် ဗိုလ်မှူးချုပ်သက်ထွန်းအောင် အစား ဗိုလ်မှူးချုပ်အောင်စန်းချစ် အားလည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ကော်မတီဝင် ဗိုလ်မှူးချုပ် ခင်မောင်အေး အစား ဗိုလ်မှူးချုပ်တင်ဆွေ အားလည်းကောင်း အစားထိုးဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကော်မတီများတွင် ကော်မတီဝင်နေရာများ အစားထိုးဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကော်မတီများတွင် ကော်မတီဝင်နေရာများ အစားထိုးဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၅)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရွာမပြင်ကျေးရွာနှင့် မျောက်တောင်ကျေးရွာအတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များအား အခြေခံပညာ အလယ်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရွာမပြင်ကျေးရွာနှင့် မျောက်တောင်ကျေးရွာအတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များအား အခြေခံပညာ အလယ်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး သာလီစွပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ပညာရေးနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော် မြို့နယ်တွင် လူဦးရေအားဖြင့်(၂၁၆၃၇၀)ဦး ရှိပါတယ်။ ကျေးရွာပေါင်း(၂၈၃)ရွာရှိတဲ့ မြို့နယ်တစ်ခုပါ။ ပညာရေးနှင့်ပတ်သက်ပြီး အထက်တန်းကျောင်း(၆)ကျောင်း၊ အထက်တန်းကျောင်း(ခွဲ)(၈)ကျောင်းနဲ့ အလယ်တန်းကျောင်း(၂)ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)(၂၄)ကျောင်း၊

မူလတန်းလွန်ကျောင်း(၅၄)ကျောင်း၊ မူလတန်းကျောင်း(၁၂၃)ကျောင်းနှင့် မူလတန်းကျောင်း(ခွဲ)က (၃၇) ကျောင်းရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။

ကျောက်တော်မြို့နယ် တစ်မြို့လုံးတွင် အလယ်တန်းကျောင်းအနေနဲ့ (၂)ကျောင်းပဲရှိ မှာတွေ့ ရပါတယ်။ ကျွန်တော့်မေးခွန်းတွင်ပါဝင်တဲ့ ရွာမပြင်ကျေးရွာတွင် အိမ်ခြေအားဖြင့် (၁၅၄၆)အိမ်၊ လူဦးရေအားဖြင့် (၇၄၆၆)ဦးရှိတဲ့ ကျေးရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ အလယ်တန်းကျောင်း(ခွဲ)ကို ၂၀၁၃ ခုနှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး ကျောင်းသားဦးရေမှာ အလယ်တန်းကျောင်းသားက (၂၃၉)ဦး၊ မူလတန်းအဆင့်က (၂၉၄)ဦး စုစုပေါင်း(၅၃၃)ဦးရှိတဲ့ကျောင်း ဖြစ်ပါတယ်။ ရွာရဲ့ တောင်ဘက်တွင် သရက်တပင်ကျေးရွာ အထက်တန်းကျောင်းနှင့် (၃)မိုင်ခန့်ကွာဝေးပြီး မြောက်ဘက်တွင် ကျားနက်ကန်ကျေးရွာ အထက်တန်းကျောင်း(ခွဲ)နှင့် (၄)မိုင်ခန့် ကွာဝေးပါတယ်။ နှစ်ဖက်လုံးမှာ ရှိတဲ့ လမ်းတွေဟာ မြေသားလမ်းတွေပဲ ဖြစ်ပါတယ်။ မိုးတွင်းအခါမှာ သွားလာ၍မရတဲ့ လမ်းများ ဖြစ်နေပါတယ်။

မျောက်တောင်ကျေးရွာဟာ ကစ္ဆပနဒီမြစ်ရဲ့ အရှေ့ဘက်ကမ်းတွင် တည်ရှိတဲ့ကျေးရွာ တစ်ရွာပါ။ အိမ်ခြေအားဖြင့် (၄၄၀)ရှိပြီး လူဦးရေက(၃၇၃၄)ဦးရှိပါတယ်။ အလယ်တန်းကျောင်း(ခွဲ)ကို ၂၀၁၃ ခုနှစ်မှာ တိုးမြှင့်ခွင့်ရရှိခဲ့ပါတယ်။ အလယ်တန်းကျောင်းသား(၂၀၇)ဦးရှိပြီး မူလတန်းကျောင်းသားက (၃၀၀)ဦး ရှိပါတယ်။ စုစုပေါင်း(၅၀၇)ဦးရှိတဲ့ ကျောင်း ဖြစ်ပါတယ်။ အနီးအနားကျေးရွာများဖြစ်တဲ့ တောင်ဘွယ်၊ သာစည်၊ ဒတ်ဖြူကျေးရွာနှင့် ရေနံ့ဒိုကျေးရွာများမှ ကျောင်းသားများ လာရောက် သင်ကြားတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ အရှေ့ဘက်တွင် (၃)မိုင်လောက်ဝေးတဲ့ မာလာရွာ အထက်တန်း ကျောင်းရှိပါတယ်။ မျောက်တောင်ကျေးရွာမှာ အ.လ.က(ခွဲ)ကျောင်းများ ကျောင်းသား အင်အား များပြားလာမှုကြောင့် ဆရာ၊ ဆရာမများ အင်အား ပိုမိုလိုအပ်တဲ့အတွက် အဆင့်တိုးမြှင့်ရန် လိုအပ်တဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ကျောင်းများကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် သတ်မှတ်မှုဘောင်များဖြင့် သတ်မှတ်ခွင့်ပြုပေးနိုင်သော်ငြားလည်း ကျွန်တော်တို့ဒေသ အခြေအနေပေါ် မူတည်ပြီး မူဘောင်သတ်မှတ်ချက်များကို လျှော့ပေါ့စဉ်းစား လိုပါကြောင်း ဆွေးနွေးလိုပါတယ်။

ကျွန်တော်တို့ဒေသ ကျေးရွာများမှာ မြို့ပေါ်စာသင်ကျောင်းများနှင့်မတူဘဲ လမ်းပန်း ဆက်သွယ်ရေး သွားလာမှုခက်ခဲမှု၊ ဆင်းရဲနွမ်းပါးမှုတွေကြောင့် ကျောင်းဆက်ပြီးမတတ်နိုင်တဲ့ ကျောင်း ထွက်လိုက်ရတဲ့ ကျောင်းသားတွေအများကြီး ရှိနေပါတယ်။ ကျေးလက်နေပြည်သူများ ပညာရေး ဆုံးခန်းတိုင် သင်ကြားနိုင်ရေးကို ရှေးရှုပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းများကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ မေးခွန်းနံပါတ်(၁)က ကျောက်တော်မြို့နယ်၊ ရွာမပြင် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အလယ်တန်းကျောင်း အဆင့် တိုးမြှင့် ပေးရန်အစီအစဉ် ရှိ/မရှိ။ မေးခွန်း(၂)က ကျောက်တော်မြို့နယ်၊ မျောက်တောင်ကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အလယ်တန်းကျောင်း အဆင့်တိုးမြှင့် ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ နတ်တလင်းမြို့နယ်၊ တာပွန်မြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ အန္တရာယ်ရှိ တစ်ထပ် ကျောင်းဆောင်ဟောင်းကို ဖျက်၍ SS 26 (၂၀၀x၃၀၀)ပေ RC နှစ်ထပ် ကျောင်းဆောင်သစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်းက ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)၊ နတ်တလင်းမြို့နယ်၊ တာပွန်မြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ အန္တရာယ်ရှိ တစ်ထပ်ကျောင်းဆောင်ဟောင်းကို ဖျက်၍ SS 26 (၂၀၀x၃၀၀) ပေ RC နှစ်ထပ် ကျောင်းဆောင်သစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရတာဝန်ရှိသူများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၊ တာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်းဟာ အန္တရာယ်ရှိ တစ်ထပ်အဆောင်အဟောင်းများကို ဖျက်ပြီး SS 26 (၂၀၀x၃၀၀)ပေ RC နှစ်ထပ် ကျောင်းဆောင်သစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်မှာ စတင် အကောင်အထည်ဖော်မည်ဆိုသည်ကို သိလိုတဲ့ ကိစ္စဖြစ်ပါတယ်။

တာပွန်မြို့ရဲ့ အခြေခံအထက်တန်းကျောင်းဟာ အထက်တန်းကျောင်းသား(၂၅၇)ဦး၊ အလယ်တန်းကျောင်းသား (၆၃၅)ဦးနှင့် မူလတန်းကျောင်းသား(၁၀၉၈)ဦး တက်ရောက်ပညာ သင်ကြားနေကြပါတယ်။ အဲဒီကျောင်းရဲ့ ပင်မအဆောင် (၅/၁၀)နှင်းဆီဆောင်ကို ၁၉၇၉ ခုနှစ်မှာ ဆောက်လုပ်ခဲ့ပြီး၊ (၆/၁၀) စကားဝါဆောင်ကို ၁၉၈၃ ခုနှစ်မှာ ဆောက်လုပ်ခြင်းနှင့် (၇/၁၀) နန်းလုံးကြိုင်အဆောင်ကို ၁၉၉၀ ခုနှစ်မှာ ဆောက်လုပ်ခဲ့ပါတယ်။ တမံသလင်းအခင်းနှင့် စကြံန် မြေညီထပ်က (၂၃၄x၂၇)ပေစီရှိတဲ့ တစ်ထပ်ကျောင်းဆောင်များဖြစ်ပါတယ်။ ယနေ့ကာလထိ ဆိုလျှင် အဆောက်တည်ဆောက်ထားတဲ့ ကာလဟာနှစ်ပေါင်း(၃၈)နှစ်၊ (၃၄)နှစ်နှင့် (၂၇)နှစ်အသီးသီး ရှိကြပါတယ်။ လက်ရှိပင်မဆောင်များဖြစ်တဲ့ နှင်းဆီဆောင်မှာ စာသင်ခန်း(၄)ခန်း၊ စကားဝါဆောင်မှာ စာသင်ခန်း(၅)ခန်းနှင့် နန်းလုံးကြိုင်ဆောင်မှာ စာသင်ခန်း(၄)ခန်း စုစုပေါင်း စာသင်ခန်း(၁၃)ခန်း ရှိပြီးတော့ ကျောင်းသားဦးရေနှင့် ဆရာ၊ ဆရာမ(၂၂)ဦး၊ မူလတန်း ကျောင်းသား (၁၀၉၈) ဦးမှာ ကျွန်တော်တို့ ဆရာ၊ ဆရာမ (၄၅)ဦးဖြင့် သင်ကြားပေးလျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆောက်ထားတဲ့ တစ်ထပ်ကျောင်းဆောင်များရဲ့ ဥပမိရုပ်ကို ကြည့်မည်ဆိုလို့ရှိရင် မူလအခြေခံအုတ်မြစ်ချကတည်းက စံကိုက်၊ စံချိန်၊ စံညွှန်းအတိုင်း ဆောက်လုပ်ခဲ့ခြင်းမရှိပါဘူး။ အစိုးရကြီးကြပ်သူကိုယ်တိုင်က မိမိကိုယ်ကျိုးအတွက် အဂတိမကင်းစွာနဲ့ မျက်နှာလွှဲ

လုပ်ကာ ကန်ထရိုက်လုပ်ချင်သလို လုပ်ခွင့်ပြုထားခဲ့သလို ဖြစ်နေပါတယ်။ မြေနိမ့်ပိုင်းများကို နုန်းမြေများနဲ့ဖို့ခဲ့ပါတယ်။ အဆောင်သွပ်မိုးတန်း၊ ဒိုင်းမြားတန်းများကို သစ်မာဖြင့်မလုပ်တဲ့အတွက် တချို့နေရာတွေမှာ ပြိုကျလို့ ဒေါက်တိုင်များဖြင့် ခံထားရခြင်း၊ အုတ်ညှပ်အကာများ ယိုင်ရွဲ့ပျက်စီးခြင်း စတာတွေ လက်တွေ့မြင်တွေ့ရတဲ့အတွက် အဆိုပါ အဆောက်အအုံများဟာ အန္တရာယ်ရှိ အဆောက်အအုံများ ဖြစ်နေကြောင်း ကွင်းဆင်းစစ်ဆေးကြည့်ရှုသင့်ပါတယ်။ ကျောင်းသားများနှင့် ဆရာ၊ ဆရာမများအတွက် လုံခြုံမှုကို ထည့်သွင်းစဥ်းစားရမှာမို့ မြို့နေပြည်သူများကလည်း သဘာဝဘေးအန္တရာယ် ကျရောက်လာမယ်ဆိုရင် မတွေးဝံ့စရာများ ခံစားရမှာ အမှန်ဖြစ်ပါတယ်။ ဒါကြောင့် SS 26 (၂၀၀x၃၀၀) ပေ RC နှစ်ထပ်ကျောင်းဆောင်အသစ် ပြန်လည်တည်ဆောက်ပေးဖို့ အစီအစဥ် ရှိ/မရှိ၊ နိုင်ငံတော်သမ္မတရဲ့ အထူးရန်ပုံငွေဖြင့်တည်ဆောက်ပေးနိုင်ရန် အခွင့်အရေးရှိ/မရှိနှင့် မည်သည့်ကာလမှ အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်မည်ဆိုတာကို တာပွန်မြို့ပြည်သူများက သိလိုသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အစိုးရတာဝန်ရှိသူများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မိတ်စာဝကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် လိုအပ်သည့် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မိတ်စာဝကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် လိုအပ်သည့် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဝက်မအုပ်စု၊ မိတ်စာဝကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ဟာ အခြေခံပညာအလယ်တန်းကျောင်းမှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် (၁၀)နှစ်ပြည့်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မူလတန်းအဆင့်မှ အထက်တန်းအဆင့်ထိ ကျောင်းသူ၊ ကျောင်းသားပေါင်း(၃၀၂)ဦး ပညာသင်ယူနေကြပြီး လာမယ့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင်လည်း ကျောင်းသူ၊ ကျောင်းသားပေါင်း ဒီထက်မက ပညာသင်ယူနိုင်ကြမည်ဟု ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိတ်စာဝရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ အခြေခံပညာအထက်တန်းကျောင်း ပလက်ဝမြို့နှင့် ရေမိုင်(၃၀)မိုင်ကျော်၊ အခြေခံပညာအထက်တန်းကျောင်း ဆမီးမြို့နှင့် ရေမိုင်(၃၀)ကျော် ကွာဝေးသောနေရာတွင် တည်ရှိပြီး ကျောင်းနေကလေးများရဲ့ မိဘများဟာ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြု၍ နေကြရပါတယ်။ အများအားဖြင့် ဆင်းရဲသောမိသားစုမှ လာရောက်ပညာသင်ယူနေသော ကျောင်းလည်း ဖြစ်ပါတယ်။ ကျွမ်းကျင် ဘာသာရပ်သင် ဆရာ၊ ဆရာမများ လုံလောက်စွာ မရှိခြင်း၊ သင်ထောက်ကူပစ္စည်းများ မပြည့်စုံမှုများကြောင့် ဆယ်တန်းစာမေးပွဲတွင် နှစ်စဉ်နှင့်အမျှ ရာခိုင်နှုန်း(၁၀)အောက်တွင်သာ အောင်မြင်တာတွေ့ရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မိတ်စာဝကျေးရွာတွင် စာသင်ဆောင်များ လုံလောက်မှုမရှိသည့်အတွက် ဒေသခံပြည်သူများက အထက်တန်းအဆင့် စာသင်ဆောင်များကို ကိုယ်ထူကိုယ်ထလုပ်အားဖြင့် ဆောက်လုပ်နေကြရပါတယ်။ စာသင်ဆောင်သစ်နှစ်ထပ်ဆောင် စာကြည့်တိုက်နှင့် သိပ္ပံခန်းများကိုလည်း ဆောက်လုပ်ရန် လိုအပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဝေးလံသည့်ဒေသရှိ တိုင်းရင်းသားမျိုးနွယ်စုများ၏ ပညာရည်မြင့်မားရေးအတွက် သတ်မှတ်စံနှုန်းများကို ဖြေလျှော့ကာ မိတ်စာဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ်မှ မိတ်စာဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးပါရန်နှင့် ကျောင်းဆောင်သစ်များအား ဆောက်လုပ်ပေးပါရန် မဲဆန္ဒရှင်ပြည်သူများကိုယ်စား တောင်းခံရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မိတ်စာဝကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် လိုအပ်တဲ့ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူများကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ မုဒုံမြို့၊ စာစင်လမ်းမကြီးရပ်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ အထူးအစီအစဉ်ဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင် က မွန်ပြည်နယ်၊ မုဒုံမြို့၊ စာစင်လမ်းမကြီးရပ်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ အထူးအစီအစဉ်ဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်က မွန်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် မြေက အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေတင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ မုဒုံမြို့ စာစင်လမ်းမကြီးရပ်ရှိ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်း ကျောင်းအဆင့်သို့ အထူးအစီအစဉ်ဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ဖြစ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မုဒုံမြို့ စာစင်လမ်းမကြီးအရပ် အလယ်တန်းကျောင်း(ခွဲ)ဟာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ နှစ်စမှာရှိတဲ့ ကျောင်းသားအင်အားအရ အဋ္ဌမတန်းအထိ ပညာသင်ကြား ပေးနေတဲ့ ကျောင်းဖြစ်ပြီးတော့ တာဝန်ကြီးမားလာတဲ့အတွက် မူလတန်းကျောင်းအုပ်ကြီးနဲ့ မသင့်တော် တော့တဲ့ အခြေအနေမှာ ရှိနေပါတယ်။ အလယ်တန်းပြကျောင်းအဆင့် အုပ်ချုပ်သင့်တဲ့ အခြေအနေ အမှန်တွေ ရှိနေကြောင်းကို အောက်မှာဖော်ပြထားတဲ့ စာရင်းဇယားအရ ထင်ရှားစွာ သိသာစေ ပါတယ်။ အလယ်တန်းအဆင့် ပဥ္စမတန်း (၇၆)ဦး၊ ဆဋ္ဌမတန်း (၈၅)ဦး၊ သတ္တမတန်း(၆၀)ဦး၊ အဋ္ဌမတန်း(၂၀)ဦး၊ အလယ်တန်းအဆင့် စုစုပေါင်း (၂၄၁)ဦး ရှိပါတယ်။ မူလတန်းအဆင့်က သူငယ်တန်း (၁၁၁)ဦး၊ ပထမတန်း (၁၁၄)ဦး၊ ဒုတိယတန်း(၁၀၁)ဦး၊ စတုတ္ထတန်း (၉၃)ဦးနှင့် မူလတန်းအဆင့် စုစုပေါင်း(၅၃၁)ဦးနှင့် မူကြိုအဆင့်(၅၁)ဦးထိရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် တင်ပြချင်တာက လက်ရှိ မူလတန်းကျောင်းအုပ်ကြီးက သူ့ရဲ့ပြောင်းရွှေ့ရေးကို သူငှဲ့ညာတဲ့အတွက်ကြောင့် ၂၀၁၆-၂၀၁၇ ခုနှစ် ကတည်းက ဒီ အ-လ-ပြ(ခွဲ)အဆင့်နဲ့ကို ကျော်လွန်ပြီးဖြစ်နေတဲ့ ဒီ အ-လ-ပြ အဆင့် ရောက်တဲ့ ကျောင်းတစ်ကျောင်းကို တင်မပေးခဲ့တဲ့အတွက်ကြောင့် ကျောင်းသားမိဘတွေ အထူးငြိုငြင် စိတ်ဆင်းရဲ ခဲ့ကြပါတယ်ခင်ဗျား။

ဒါက ကျောင်းရှေ့တည့်တည့် မျက်နှာစာပုံမြင်ရတဲ့ပုံပါခင်ဗျား။ ဒါက တောင်ဘက်အခြမ်း မှာရှိတဲ့ အရှေ့ဝရံတာစောင်းက မြင်ရတဲ့ပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ စာစင်လမ်းမကြီး ပေ(၁၅၀x၃၀)နှစ်ထပ်အုတ်ညှပ် တောင်ဘက်အခြမ်း ရှေ့ထိပ်ဆုံးက မြင်ရတဲ့ပုံစံပါ။ ဒါကတော့ ပေ(၆၀x၃၀)တစ်ထပ် RC တိုးချဲ့ဆောင် ရှေ့ထိပ်ဘက်က ဘေးစောင်းမြင်ရတဲ့ ပုံစံပါ။ ဒါကတော့ ပေ(၆၀x၃၀) နှစ်ထပ် RC တိုးချဲ့ဆောင် ရှေ့ဝဲဘက်ထိပ်တည့်တည့် မြင်ရတဲ့ပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ RC တိုးချဲ့ဆောင် ပေ(၆၀x၃၀) ရှေ့မျက်နှာစာ ဘေးစောင်းမြင်ရတဲ့ ပုံဖြစ်ပါတယ်ခင်ဗျား။ ဟုတ်ကဲ့။

အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်စောစောကတင်ပြခဲ့သလိုပါ။ ဒီကျောင်းသည် ဒီ၂၀၁၆-၂၀၁၇ နှစ်ကတည်းက အလယ်တန်းအဆင့်အထိ တိုးချဲ့ဖို့ သင့်ပါတယ်။ သင့်နေလျက်နဲ့ မတိုးချဲ့ခဲ့ဘူး။ ယခုဆိုလို့ရှိရင် ကျွန်တော်တို့ ကျောင်းသားအင်အား စုစုပေါင်း (၈၀၀) ကျော်အထိ ဖြစ်လာ နိုင်မယ့်အခြေအနေမှာ ရောက်နေတဲ့အတွက်ကြောင့် ဒီကျောင်းကို အ-လ-ပြအဆင့်အထိ

မဖြစ်မနေတိုးချဲ့ဖို့ လိုအပ်လာပါတယ်ခင်ဗျား။ ဒီအတွက်ကြောင့် ဥက္ကဋ္ဌကြီးကတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြမေးမြန်း ချင်တာကတော့ ဒီအ-လ-ပြ(ခွဲ)(စာစင်) အ-လ-ပြ(ခွဲ) ကျောင်းကို အလယ်တန်းကျောင်း အဆင့်ရောက်ဖို့ အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ အထူးအစီအစဥ်ဖြင့် ပြောင်းလဲဆောင်ရွက် ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးအထူးတင်ပါတယ်။ (ဩဘာသံများ)

အ.လ.က(ခွဲ)စာစင်လမ်းမကြီး ၁၅၀ ပေ x ၃၀ ပေ လမ်းမကြီးထိပ်ဘက်ခြမ်း မြင်ကွင်းပုံ (ဃ)



အ.လ.က(ခွဲ)စာစင်လမ်းမကြီး ၁၅၀ ပေ x ၃၀ ပေ နှစ်ထပ်အုတ်ညှပ်ဆောင် တောင်ဘက်ခြမ်း/ ရွှေ့ဝရံတာ ဘက်စောင်း၏ မြင်ကွင်းပုံ (ဃ-၁)



အ.လ.က(ခွဲ)စာစင်လမ်းမကြီး ၁၅၀ ပေ x ၃၀ ပေ နှစ်ထပ်အုတ်ညှပ် တောင်ဘက်ခြမ်း ရှေ့မှ ထိပ်စောင်း မြင်ကွင်းပုံ (ဃ-၂)



**ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ (အ.မ.က) ကံပြင်(သာစည်) နှင့် (အ.မ.က) ဝေသာလီ စာသင်ကျောင်း တို့အား ဆောက်လုပ်ပြီးစီးမှုမရှိသည့် ကုမ္ပဏီများမှ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ပြန်လည် ပြုပြင်ပေးရန်နှင့် ပညာရေးဝန်ကြီးဌာနမှ ဆက်လက်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း က ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ (အ.မ.က) ကံပြင်(သာစည်)နှင့် (အ.မ.က) ဝေသာလီ စာသင်ကျောင်း တို့အား ဆောက်လုပ်ပြီးစီးမှုမရှိသည့်ကုမ္ပဏီများမှ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ပြန်လည် ပြုပြင်ပေးရန်နှင့် ပညာရေးဝန်ကြီးဌာနမှ ဆက်လက်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ကျွန်တော်ကနေမှ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါသည်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်း ဒီ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် (အ.မ.က) ကံပြင်(သာစည်) စာသင်ကျောင်းနှင့် (အ.မ.က) ဝေသာလီစာသင်ကျောင်း တို့အား ဆောက်လုပ်ပြီးစီးမှု မရှိသည့်ကုမ္ပဏီမှ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ပြန်လည်ပြုပြင်ဆောက်လုပ်ပေးရန်နှင့်

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မောင်တောမြို့နယ်အတွင်း (အ.မ.က) ကံပြင်(သာစည်)စာသင်ကျောင်းအား ခွင့်ပြုရန်ပုံငွေ (၃၂.၄၀) ပေ (၆၀x၃၀x၁၂)အား သဇင်မြေကုမ္ပဏီမှ တာဝန်ယူ ဆောက်လုပ်ခဲ့ပါသည်။ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းကို ၁၁-၈-၂၀၁၅ ရက်နေ့ စာချုပ်ချုပ်ဆိုပြီး၊ ၄-၉-၂၀၁၄ ရက်နေ့တွင်စတင်ပြီး ၁၂-၂-၂၀၁၅ ရက်နေ့တွင်ပြီးစီးခဲ့ပြီး၊ လုပ်ငန်းအား ၂-၄-၂၀၁၅ ရက်နေ့တွင် လွှဲပြောင်းအပ်နှံထားကြောင်း သိရှိရပါသည်။ သို့သော် မြို့နယ်စာရင်းစစ်ရုံး၏ အစီရင်ခံစာတွင် ပြတင်း၊ ပြတင်းပေါက်၊ တံခါးများ မှန်တပ်ဆင်ခြင်းနှင့် ကျောက်ကန်ရေများ တပ်ဆင်ရန် ကျန်ရှိနေသေးကြောင်း တွေ့ရှိရပါသည်။ ကျွန်တော်ကိုယ်တိုင် ကွင်းဆင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးပြီး ယနေ့အချိန်အထိ ပြီးစီးမှု မရှိသည်ကို တွေ့ရှိ ရပါသည်။

မြို့သူကြီးကျေးရွာအုပ်စု အ.မ.က ဝေသာလီကျောင်းဆောင်သစ်အား ခွင့်ပြုရန်ပုံငွေဖြင့် အေးငြိမ်းကုမ္ပဏီမှ ဆောက်လုပ်ခဲ့ပါသည်။ မြို့နယ်စာရင်းစစ်ရုံးမှ ၁၈-၉-၂၀၁၅ ကွင်းဆင်းစစ်ဆေးချက်အရ စာချုပ်ပါအတိုင်း ဆောက်လုပ်ဆောင်ရွက်ထားခြင်းမရှိသည်ကို မြို့နယ်စာရင်းစစ်ရုံးမှ ပြည်နယ်စာရင်းစစ်ရုံးသို့ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှ လုပ်ငန်းလက်ခံသူ ကန်ထရိုက်တာအနေဖြင့် ကွင်းဆင်းစစ်ဆေးရာတွင် တာဝန်ရှိသူတစ်ဦးတစ်ယောက်မှ ရောက်ရှိမလာရှိခြင်း၊ လုပ်ငန်းအပေါ် စေတနာမထားခြင်း၊ ဖြစ်သလိုဆောင်ရွက်ထားခြင်း၊ စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာမှုမရှိကြောင်း ပေါ်ပေါက်နေပါသဖြင့် လုပ်ငန်းများအပ်နှံရန်မသင့်ကြောင်း တင်ပြအစီရင်ခံထားသည်ကို သိရှိရပါသည်။

နောက်ထပ်စာချုပ်ပါ စည်းကမ်းချက်များနဲ့ မညီဘဲ အ.မ.က(ကိုင်းကြီး)၊ စာသင်ကျောင်း၊ (အ.မ.က) မောရဝတီ စာသင်ကျောင်းများမှာလည်း ပြီးစီးကြောင်းပြုထားသော်လည်း မိုးယိုခြင်း၊ အရည်အသွေးမပြည့်ဘဲ ဆောက်လုပ်ဆောင်ရွက်ထားခြင်း အတွက်မြို့နယ်စာရင်းစစ်ဌာနမှ ကုမ္ပဏီအား အသိပေးပြောကြားထားသော်လည်း ယနေ့အချိန်အထိ ပြန်လည်ပြုပြင်မပေးဘဲရှိနေဆဲ ဖြစ်ပါသည်။ တစ်ဆက်တစ်စပ်တည်း မောင်တောမြို့နယ်အပါအဝင် မြန်မာနိုင်ငံရှိ ပညာရေးဘတ်ဂျက်ဖြင့် ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ၌ စာသင်ကျောင်းများအား ဝန်ကြီးဌာနအနေဖြင့် စစ်ဆေးမှုများပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိကိုလည်း တစ်ပါတည်း မေးလိုပါသည်။ မြို့နယ်ပညာရေးမှူးမှာ ကျောင်းဆောင်သစ်များအား လက်ခံလျှင်လက်မခံသင့်ကြောင်း ဆုံးဖြတ်ထားသော်လည်း (ပြည်နယ်မှညွှန်ကြားသည့်အတိုင်း) မြို့နယ်ပညာရေးမှူးမှာ ကျောင်းဆောင်များကို လက်ခံထားသည်ကိုလည်း တွေ့ရှိရပါသည်။ ၎င်းကျောင်းဆောင်သစ်များသည် ကုမ္ပဏီမှတာဝန်ယူဆောင်ရွက်မှုမရှိသည်ကိုလည်း သိရှိရပါသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ကိုလည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းရပါသည်။ အားလုံးကျေးဇူးတင်ပါသည်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ရှေးဦးမေတ္တာပို့သ အပ်ပါတယ်။ ရှေးဦးစွာ ကျွန်တော် မေးခွန်းအစီအစဉ်လေးနဲ့ ပတ်သက်လို့ ဦးစွာ တင်ပြပါမယ်။ ကျွန်တော်တို့ယနေ့ လွှတ်တော်ကိုယ်စားလှယ်ကြီး (၅)ဦးကနေ မေးခွန်းငါးခု မေးတာ တွေ့ရပါတယ်။ ကျွန်တော်တို့လွှတ်တော်အစီအစဉ်မှာ မေးခွန်းအစီအစဉ်နဲ့ ကျွန်တော်တို့ ပြင်ဆင်ဖို့ အကြောင်းကြားထားတဲ့မေးခွန်းအစီအစဉ်မှာ ဒုတိယမေးခွန်းသည် လိုအပ်မှု၊ လွဲချော်မှုအနည်းငယ်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ကျွန်တော်တို့ အကြောင်းကြားထားတာ ဒုတိယမေးခွန်းအနေနဲ့ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့ကနေမေးမြန်းတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်အစီအစဉ်မှာတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်သိန်း ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)ရဲ့ မေးခွန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ မေးခွန်း ငါးခုအနက် ကျွန်တော် လေးခုကိုတော့ ဖြေကြားရန် အဆင့်သင့်ဖြစ်ပြီး အကယ်၍ ဒေါ်မေသန်းနွဲ့ မေးမြန်းပါကလည်း ဆက်လက်ဖြေကြားရန် အဆင်သင့်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒုတိယဝန်ကြီးအနေနဲ့ ဖြေကြားနိုင်တာကိုပဲ ဖြေကြားပါ။ ကျန်တဲ့ဟာကိုတော့ နောက်တစ်ပတ်ဖြေကြားနိုင်ရင်ဖြေကြားပါ။ ဒီကတော့ အစီအစဉ်အတိုင်းပို့ထားတယ် ပြောပါတယ်။

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ပါ။ ဆောင်ရွက်ပါမယ်။ ကျွန်တော် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဝင်းမော်ထွန်းက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး တတိယနေ့မှာ ရခိုင်ပြည်နယ် အမှတ်(၅) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမြင့်နိုင် ရဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရွာမပြင်ကျေးရွာနှင့် မျောက်တောင်ကျေးရွာ အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များအား အခြေခံပညာ အလယ်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုပါရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီကျောင်းနေအရွယ်ကလေးငယ်များ အားလုံးကျောင်းနေခွင့်ရရှိရေး၊ ဒီလိုပဲ ကျောင်းနေခွင့်ရရှိပြီးသော ကလေးငယ်များအားလုံး ကျောင်းနေမြဲရေးကို ကျွန်တော်တို့ ဦးစားပေးအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ဒီအ

ခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာ အလယ်တန်း ကျောင်းအဖြစ် တိုးမြှင့်ရန် သတ်မှတ်မှုများလည်း ရှိပါတယ်။ အလယ်အဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၂၄၀)ဦးနဲ့ အထက်ရှိရမယ်။ သွားလာမှုခက်ခဲသော ဒေသဖြစ်ပါက ပင်မကျောင်း တစ်ဆင့်မြင့်ကျောင်းနဲ့ခရီး အကွာအဝေး (၂)မိုင်ထက် ဝေးသည့်နေရာဖြစ်ရပါမယ်။ သို့တည်းမဟုတ် သွားလာမှုလွယ်ကူသော မြေပြန့်ဒေသဖြစ်ပါက ပင်မကျောင်း တစ်ဆင့်မြင့်ကျောင်းနှင့် ခရီးအကွာအဝေး (၃)မိုင်နဲ့အထက်ဝေးဖို့ ဒါမှအားဖြင့် သတ်မှတ်ထားတာဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးလည်း ဒီဒေသဖွံ့ဖြိုးရေးအတွက် မူများရှိသော်လည်း မူများကို ဖြေလျှော့ပြီး ဆောင်ရွက်ပေးဖို့ တောင်းဆိုတင်ပြထားတာ ရှိပါတယ်။ ဒီနှစ် ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရွာမပြင်ကျေးရွာရှိ အလယ်တန်း ကျောင်းနဲ့ ခမောက်တောင်ကျေးရွာရှိ အလယ်တန်းကျောင်း(ခွဲ)နှစ်ခုလုံးကို အခြေခံပညာအလယ်တန်း ကျောင်းအဆင့်ဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း တိုးမြှင့်နိုင်ရန် စီစဥ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ်၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်ရဲ့ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မိတ်စာဝကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် လိုအပ်သည့် ကျောင်းဆောင် သစ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော်ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။ စောစောက တင်ပြပေးသလိုပဲ။ ကျွန်တော်တို့ မနှစ်ကဆိုရင် ဒီမူအားဖြင့်ကိုက်ညီတဲ့ ကျောင်းက (၉၃၇)ကျောင်း၊ ဖြေလျှော့ပြီး ဆောင်ရွက်ပေးတဲ့ ကျောင်းပေါင်းက (၂၃၇၅)ကျောင်း၊ စုစုပေါင်း (၃၃၁၂)ကျောင်း အဆင့်တိုးမြှင့်ခဲ့ပြီး ဖြစ်ပါတယ်။ ယခုနှစ်မှာလည်း ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် တင်ပြသလို ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ မိတ်စာဝကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ရန် စီစဥ်ဆောင်ရွက်ပြီး ဖြစ်ပါ ကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မွန်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦဇေတင်ရဲ့ မေးခွန်းဖြစ်သော မွန်ပြည်နယ်၊ မုဒုံမြို့ စာစင်လမ်းမကြီးရပ်ရှိ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ အထူးအစီအစဉ်ဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင်တိုးမြှင့်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းလို့ ကျွန်တော်တင်ပြမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကျောင်းအဆင့်တိုးမြှင့်ရန် လိုအပ်တဲ့မူများကို ကျွန်တော် စောစောက မေးခွန်းတွေမှာ တင်ပြပြီးဖြစ်ပါတယ်။ ယခုနှစ်ပညာသင်နှစ်အတွင်းမှာတော့ မွန်ပြည်နယ် အတွင်း အခြေခံပညာအထက်တန်းကျောင်း (၁၁)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၅)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၂၂)ကျောင်း၊ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) (၁၀)ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း (၁၂)ကျောင်း၊ အခြေခံပညာမူလ

တန်းကျောင်း(၈)ကျောင်းနဲ့အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၁)ကျောင်း၊ စုစုပေါင်း(၆၉)ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ဖို့ လျာထားဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မွန်ပြည်နယ်၊ မုဒုံမြို့နယ် စာစင်လမ်းမကြီးရပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် စုစုပေါင်းအလယ်ဆင့်သင်ကျောင်းသားဟာ (၂၁၁)ဦး သာရှိပြီး ပင်မကျောင်းနဲ့လည်း ကုန်းလမ်းခရီး(၆)ဖာလုံပဲ ကွာဝေးတာဖြစ်ပါတယ်။ လောလောဆယ် လည်း အလယ်တန်းပညာ သင်ကြားခွင့်ရရှိပြီး ဖြစ်တဲ့အတွက် အဆင့်တိုးမြှင့်ရန်တော့ ယခုနှစ် ၂၀၁၇-၂၀၁၈တွင် လျာထားသတ်မှတ်ထားခြင်းမရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးကျော်ကျော်ဝင်း ရဲ့ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကံပြင်(သာစည်)(အ.မ.က)စာသင်ကျောင်းနဲ့ ဝေသာလီ(အ.မ.က)စာသင်ကျောင်းတို့အား ကုမ္ပဏီမှ ဆက်လက်ပြုပြင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော် ဖြေကြား တင်ပြမှာ ဖြစ်ပါတယ်။ ထိုကျောင်းများမှာ (၆၀x၃၀)ပေ RC ကျောင်းဆောင်များအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်၏ ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှာ ငွေကျပ် (၃၂.၄၀)သန်းဖြင့် သဇင်မြေကုမ္ပဏီမှ တာဝန်ယူ ဆောက်လုပ်ခဲ့ပါတယ်။ ၂-၄-၂၀၁၅ ရက်နေ့မှာ လုပ်ငန်းများ ပြီးစီးသဖြင့် လွှဲပြောင်းပေးခဲ့သော်လည်း ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပဲ ပြတင်းပေါက် တံခါးမှန်များတပ်ဆင်ရန်၊ ရေတံလျှောက်နှင့်မြောင်းများ ဆောင်ရွက်ရန် ကျန်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အစိုးရက ၎င်းလုပ်ငန်းများကို စာချုပ်ပါစည်းကမ်းများအတိုင်း ပြန်လည်ပြုပြင်ဆောင်ရွက်စေခဲ့ရာ ၂၈-၂-၂၀၁၇ ရက်နေ့မှာ လုပ်ငန်းများအားလုံးဆောင်ရွက်ပြီးစီး ကြောင်း တင်ပြအပ်ပါတယ်။ တင်ပြပါမေးခွန်းများမှာပါတဲ့ မောင်တောမြို့နယ်၊ ဝေသာလီကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်းမှာ (၁၂၀x၃၀) ပေ၊ အုတ်ညှပ်တစ်ထပ်၊ (၆၀x၃၀) ပေသွပ်မိုး အုတ်ညှပ် တစ်ဆောင် စုစုပေါင်း (၃)ဆောင်ဆောက်လုပ်ခဲ့ပြီး စာသင်ကြားနိုင်တဲ့ ဧရိယာမှာ (၅၇၆၀)စတုရန်းပေ ရှိပါတယ်။ ဒီကျောင်းမှာ ကျောင်းသား၊ ကျောင်းသူ (၃၄)ဦး ပညာသင်ကြားတဲ့အတွက် စာသင်ခန်း ဧရိယာအဖြစ် လုံလောက်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီကျောင်းက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်မှာ ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှ ငွေကျပ် (၂၁.၆)သန်းဖြင့် အေးငြိမ်းကုမ္ပဏီမှ တာဝန်ယူ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြပါအတိုင်း ကျောင်းဆောင်၏ ဝရန်တာ ကြမ်းခင်းများ ပျက်စီးနေခြင်း၊ ဝရန်တာများပျက်စီးနေခြင်း တို့အတွက် ရခိုင်ပြည်နယ်အစိုးရမှ ကုမ္ပဏီမှ တာဝန်ရှိသူ များကိုခေါ်ယူပြီး ပျက်စီးနေတဲ့ အစိတ်အပိုင်းများကို ပြန်လည်ပြုပြင်စေခဲ့ရာ ယခုပြီးခဲ့တဲ့ မတ်လ အတွင်း အားလုံးပြင်ဆင်ပြီးပြီလို့ သိရပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း အဆိုပါ အေးငြိမ်းကုမ္ပဏီကို နံမည်ပျက်စာရင်းသွင်းပြီး လာမည့်ဘဏ္ဍာရေးနှစ်များမှာ ဆောက်လုပ်ခွင့်ပါ ရပ်ဆိုင်းထားပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းနှင့်

စပ်လျဉ်းပြီး ဆောင်ရွက်ပြီးစီးမှုများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒုတိယဝန်ကြီး ခုနက မေးခွန်း(၂)ဖြစ်တဲ့ ဦးအောင်သိန်း မေးခွန်းနဲ့ ပတ်သက်လို့ ဒုတိယဝန်ကြီးတို့ဌာနမှ ဒေါ်လုံမ၊ ဦးစီးအရာရှိ ဆိုတာ လက်ခံထားပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဘယ်နေ့လက်ခံရရှိတယ် ဘယ်နေ့ဖြေနိုင်မယ်ဆိုတာ လွှတ်တော်ကို အကြောင်း ပြန်ကြားပေးပါ။ နောက်လည်း မလွဲမချော်အောင် နည်းနည်းပြန်ပြီးတော့ ဝန်ထမ်းတွေကို နည်းနည်းပြန် ထိန်းကျောင်းပေးပါ။

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ) ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ရေနံနှင့် ရေနံထွက်ပစ္စည်း ဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့မှ ဖြည့်စွက်ရမယ့်အပိုင်း၊ ပယ်ဖျက်ရမယ့်အပိုင်း၊ အသစ်ပြန်လည် ရေးဆွဲရမယ့်အပိုင်း အားလုံးကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေဟာ ၂၀၁၇ ခုနှစ်မှာ ရေးဆွဲထားပြီးတော့ ၁၉၃၄ ခုနှစ်၊ ရေနံနဲ့ သက်ဆိုင်တဲ့ ဥပဒေတစ်ခုလည်း ရှိခဲ့ပါတယ်။ ဥပဒေကို ဆွေးနွေးတဲ့ နေရာမှာ ကျွန်တော့်အနေနဲ့ Power Point ကို အသုံးပြုခွင့်ပေးပါရန် ခွင့်တောင်းပါတယ်။

ဒီ ရေနံနဲ့ ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေဟာ အခန်းပေါင်း(၉)ခန်းနှင့် ပုဒ်မပေါင်း (၅၄)ခုရှိပါတယ်။ ကျွန်တော်အဓိက ဆွေးနွေးချင်တဲ့ အခန်းကတော့ အခန်း(၃)၊ အခန်း(၄)၊ အခန်း(၅)၊ ဒီ Policy နဲ့ မူဝါဒပိုင်းဆိုင်ရာ အင်္ဂါရပ်များကို ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥပဒေရဲ့ အင်္ဂါရပ်များ အပိုင်းကိုတော့ ကျွန်တော် အနည်းငယ်ပဲ ဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ အခန်း(၁)ရဲ့ ပုဒ်မ ၂ မှာဆိုရင် ပုဒ်မ ၂(င)မှာ မီးလောင်အမှတ် (၇၆)ဒီဂရီ ဖာရင်ဟိုက် သို့မဟုတ် (၂၄.၄၄) ဒီဂရီ ဆိုတဲ့ နေရာမှာ ကျွန်တော်တို့ ၁၉၃၄၊ ရေနံဥပဒေမှာ (၂၃)ဒီဂရီ စင်တီဂရိတ်နဲ့

နောက်တစ်ခုက Class 2 မှာ (၆၄၁)ဒီဂရီ၊ (၂၃)ဒီဂရီစင်တီဂရိတ်အောက် မနိမ့်သောဆိုသောအချက်ကို ကျွန်တော်ပြန်ပြီးတော့ ဖြည့်စွက်ဖို့ ကျွန်တော်ဆွေးနွေးလိုပါတယ်။

နံပါတ်(၂)ကတော့ ပုဒ်မအသစ်တစ်ခုအနေနဲ့ ကျွန်တော်ဆွေးနွေးလိုပါတယ်။ ဒီ ပုဒ်မ ဒီ ဥပဒေထဲမှာ EITI ဆိုင်ရာ နည်းလမ်းများကို ထည့်သွင်းထားခြင်း မရှိပါဘူး။ EITI နဲ့ ပတ်သက်တဲ့ဟာ ပွင့်လင်းမြင်သာမှုဆိုတဲ့ နည်းလမ်းတွေ၊ တာဝန်ယူမှု၊ တာဝန်ခံမှု အခန်းတွေကို ဖြည့်စွက်ထားတာ မရှိပါဘူး။ နောက် ပုဒ်မ အသစ်တစ်ခုကို ကျွန်တော်ထပ်ပြီးတော့ ဆွေးနွေးလိုပါတယ်။ အဲဒီ ပုဒ်မကတော့ ရေနံယိုဖိတ်မှုနဲ့ ဆိုင်တဲ့ ဥပဒေများကို ပုဒ်မထဲမှာ တစ်ခုမှထည့်ရေးထားတာ မရှိပါဘူး။ ရေနံယိုဖိတ်မှုဆိုတဲ့ နေရာမှာ ပိုက်လိုင်းယိုဖိတ်မှုတွေရှိတယ်။ သယ်ယူပို့ဆောင်ရာမှာ ယိုဖိတ်မှုတွေ ရှိတယ်။ ယိုဖိတ်မှု ဖြစ်စဉ်များနဲ့ ပတ်သက်ပြီးတော့ ဝန်ကြီးဌာန အနေနဲ့ အဲဒီ ပုဒ်မများကို သက်ဆိုင်ရာ ဝန်ကြီးဌာန(၄)ခု၊ ကော်မတီ ဒီ ဥပဒေမှာ ဖော်ပြထားတာ မတွေ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီ ရေနံယိုဖိတ်မှု ပြဿနာဟာ နိုင်ငံတကာမှာ ဖြစ်နေတဲ့ ပြဿနာ၊ အကြီးမားဆုံး ပြဿနာ ဖြစ်ပါတယ်။ ဒီ အချက်ကို ဒီ ပုဒ်မထဲမှာ မထည့်ထားပါဘူး။ ဒါကို ကျွန်တော်ထည့်သွင်းလိုပါတယ်။

အခန်း(၂)က ပုဒ်မ ၃(စ)ပါ။ ကျွန်တော်ဖြည့်စွက်လိုတာကတော့ ရေနံနှင့် ရေနံထွက်ပစ္စည်းများမှ ကုန်ချောထုတ်လုပ်လာနိုင်ရန်အတွက် အစိုးရနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ ပိုမိုတိုးမြင့်လာစေရန်ဆိုတဲ့ ပုဒ်မတစ်ခုကို ကျွန်တော်ထပ်ပြီးတော့ ဖြည့်စွက်ချင်ပါတယ်။ အခန်း(၂) ပုဒ်မ(၃)မှာ။ ပြီးတော့ ပုဒ်မ ၃ အခန်း(၄)မှာ ဖော်ပြထားတာကတော့ အဖွဲ့ဝင် အများဆုံး (၁၅)ဦးလို့ ဖော်ပြထားပါတယ်။ အဲဒီမှာ ဘာအချက်တွေကို ပေါ်လွင်စေသလဲဆိုတော့ ပါဝင်ရမယ့် ကိုယ်စားလှယ် အချိုးအစားအတိအကျကို ဖော်ပြထားတာမရှိပါဘူး။ သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ လူဦးရေစာရင်း၊ ရေနံဆိုင်ရာ ကျွမ်းကျင်တဲ့ အင်ဂျင်နီယာ၊ ရေနံဆိုင်ရာ လုပ်ငန်းရှင်၊ ပြီးတော့ ၎င်းတို့ရဲ့ နောက်ခံ၊ ကျွမ်းကျင်မှုအခြေအနေကို ဖြည့်စွက်ဖို့ လိုအပ်မယ်လို့ထင်ပါတယ်။ ဒီပုဒ်မတွေကို ဒီဥပဒေထဲမှာ ထည့်သွင်းဖော်ပြထားတာ မတွေ့ရပါဘူး။ ဒီအချက်တွေကို ကျွန်တော်က ဖြည့်စွက်ချင်ပါတယ်။

ပုဒ်မ ၅ အနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိတဲ့ လွတ်လပ်စွာ ရပ်တည်နိုင်သည့် အဖွဲ့အစည်းဖြစ်ဖို့အတွက်လည်း ဒီမှာ ကျွန်တော်ထပ်ပြီးတော့ ဖြည့်စွက်လိုပါတယ်။ ပုဒ်မ ၅(ဏ) မူလဥပဒေမှာ သက်မှတ်ထားတဲ့ စံချိန်စံညွှန်းဆိုတဲ့ စကားရပ်ရဲ့ ရှေ့မှာ နိုင်ငံတကာ စံနှုန်းများအတိုင်း လိုက်နာကျင့်သုံးသည့် သတ်မှတ်ထားသော စံချိန်စံညွှန်းဖြစ်စေလ် ပါတယ်။ ဒီ အနီရောင်ပြထားတဲ့ စကားလုံးကို ကျွန်တော်ထပ်ပြီးတော့ ဖြည့်စွက်လိုပါတယ်။ ပုဒ်မ ၅(င) မှာ မူလဥပဒေက ဒေသအလိုက် မျှတသည့် ဈေးနှုန်းဖြစ်စေရန် ဆောင်ရွက်ဆိုတဲ့ နေရာမှာ ဒီဒေသ အလိုက်မျှတသည့် ဈေးနှုန်းဖြစ်စေရန် ဆောင်ရွက်ဆိုတဲ့နေရာမှာ တကယ်တော့ ဈေးကွက်စီးပွားရေး စနစ်မှာ ဈေးနှုန်းကို ဘယ်လိုမှ Organized လုပ်လို့မရပါဘူး။ Control လုပ်လို့မရပါဘူး။ ဒီပုဒ်မကို ကျွန်တော် ဖျက်ချင်ပါတယ်။ ဒါ ဈေးကွက်စီးပွားရေးစနစ်မှာ ဒီပုဒ်မနဲ့ မညီပါဘူး။ ဒါကြောင့် ဒီပုဒ်မကို ဖျက်ချင်ပါတယ်။

နောက် ပုဒ်မ အသစ်တစ်ခုကို ဒီအထဲမှာ ထည့်ချင်ပါတယ်။ ရေနံနဲ့ ပတ်သက်တဲ့ ကော်မတီအနေနဲ့က နိုင်ငံတကာ ရေနံဈေးနှုန်းများ၊ ရေနံထွက်ပစ္စည်းများ၊ ဈေးနှုန်းများ၊ နိုင်ငံတကာ ရေနံဈေးကွက် အခြေအနေများအား အချက်အလက်ပြုစုခြင်း၊ ထုတ်ပြန်ခြင်း၊ ဖြန့်ဝေခြင်းပြုလုပ်ရမည်ဆိုတဲ့ အချက်ကို ထည့်ပေးစေချင်ပါတယ်။ ဒီ ကော်မတီရဲ့ လုပ်ငန်းစဉ် အခန်း(၂)ထဲမှာ ဒီ ပုဒ်မ ၆ ၊ ပုဒ်မ ၆ မှာ ပြုလုပ်နိုင်သည်ဆိုတဲ့ဟာကို ရေးပြထားပါတယ်။ ဝန်ကြီးဌာန အနေနဲ့ ကော်မတီကို ဖြည့်စွက်နိုင်တယ်၊ ပယ်ဖျက်နိုင်တယ်ဆိုတဲ့နေရာမှာ ဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်က ပိုများနေတာမျိုးကို ဖြစ်စေနိုင်တဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အား အကြံပြုတင်ပြနိုင်သည် ဆိုတာမျိုးကိုပဲ ကျွန်တော် ဖြည့်စွက်လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီရေနံနဲ့ ရေနံလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဆိုတာ ကျွန်တော်က Independence ဖြစ်စေလိုပါတယ်။

နောက် ပုဒ်မအခန်း(၄)၊ အခန်း(၄)ကတော့ ကျွန်တော် အဓိကပြောမယ့် မူဝါဒနဲ့ပေါ်လစီပိုင်း ဖြစ်ပါတယ်။ ဒီ အခန်း(၄)မှာ ဒီ ဥပဒေတစ်ခုထဲမှာပဲ သက်ဆိုင်ရာ Stakeholder ဝန်ကြီးဌာနက(၄)ခု ပါဝင်နေပါတယ်။ ဒီ ဝန်ကြီးဌာန(၄)ခုနဲ့ ကော်မတီ (၁)ခု ဖြစ်ပါတယ်။ ဥပဒေတစ်ခုမှာ ဝန်ကြီးဌာန(၄)ခု ပါဝင်နေတဲ့အတွက် ဒီ ဥပဒေကြောင့်ပဲ ဒီ ဝန်ကြီးဌာနတွေအတွက်ကြောင့်ပဲ လုပ်ငန်းတွေကြန့်ကြာမယ်၊ အဂတိတရားတွေဖြစ်မယ်၊ ကြိုးနီစနစ်တွေ ဖြစ်မယ်ဆိုတာကို ဥပဒေက ဖန်တီးပေးရက်သား ဖြစ်နိုင်ပါတယ်။ ပိုပြီးတော့ ဆိုးတာကတော့ Coordination Mechanism လို့ခေါ်တဲ့ ဒီဝန်ကြီးဌာန (၅)ခုက ဥပဒေထုတ်ပြန်တာတွေ၊ လိုင်စင် ထုတ်ပြန်တာတွေ၊ ခွင့်ပြုမိန့်တွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုပူးပေါင်း ဆောင်ရွက်မယ်ဆိုတဲ့ ဥပဒေကို အချက်ကို ဒီ ပုဒ်မထဲမှာ ဒီဥပဒေထဲမှာ ဒီပုဒ်မ တစ်ချက်မှထည့်မထားပါဘူး။ ဒါဟာ အရေးကြီးတဲ့ မူဝါဒပိုင်းဆိုင်ရာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဈေးကွက်စီးပွားရေး နဲ့ နွှယ်တဲ့ ဥပဒေတိုင်းဟာ လိုက်နာသူအတွက်၊ လုပ်ငန်းရှင်တွေအတွက် လွယ်ကူချောမွေ့အောင် လုပ်ထားဖို့ပဲ ကျွန်တော်တို့က လိုအပ်ပါတယ်။ ကြန့်ကြာနေအောင်၊ ခက်ခဲနေအောင်၊ ရှုပ်ထွေးနေအောင် လုပ်ထားလို့ရှိရင် ဒီဥပဒေကြောင့်မို့လို့ပဲ ဈေးကွက်စီးပွားရေးမှာ ဒီလိုရေနံလုပ်ငန်းဖွံ့ဖြိုးမှုဟာ အများကြီး အဟန့်အတားဖြစ်သွားစေနိုင်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်က ဒီဥပဒေမှာ ပတ်သက်ပြီးတော့ Power Point တစ်ခုထိုးပါ။ ဟုတ်ကဲ့ ဒါကတော့ သူရဲ့ Organization Structure ကို ပြန်ကြည့်တဲ့အချိန်မှာ ပါဝင်ပတ်သက်နေတဲ့ ဝန်ကြီးဌာန(၄)ခုနဲ့ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီ(၁)ခုဖြစ်ပါတယ်။ အဲဒီဟာက ကျွန်တော်တို့ ဥပဒေတစ်ခုကို Management ရှုထောင့်ကနေ ကြည့်လို့ရှိရင် အရမ်းကို ရှုပ်ထွေးနေပါတယ်။ ဒါကြောင့် နောက် Power Point တစ်ခုကိုပြပါ။ ဒီလို ဥပဒေတစ်ခုမှာ ပါဝင်တဲ့ဟာမျိုးကို လုပ်ငန်းကြီးကြပ်ရေး ကော်မတီရဲ့အောက်မှာပဲ ထားပြီးတော့မှ အားလုံးဟာ ဒီ OSS လိုမျိုး ဒီလုပ်ငန်းကြီးကြပ်တဲ့ ကော်မတီတစ်ခုထဲမှာပဲ ဝန်ကြီးဌာနရဲ့ အထူးကိုယ်စားလှယ်တွေ အကုန်လုံးကထားပြီးတော့မှသာ တစ်ပြိုင်နက်တည်း One Stop Service ဆိုတဲ့ ဟာမျိုး လုပ်နိုင်မှသာ ဒီ ရေနံလုပ်ငန်းနဲ့ ပတ်သက်တဲ့ ကြန့်ကြာမှုတွေ၊ ကြိုးနီစနစ်တွေဟာ အများကြီး ဖြေလျော့သွားနိုင်မှာ ဖြစ်ပါတယ်။

ဒါမှသာ နိုင်ငံတကာ ရေနံလုပ်ငန်းဆိုတာ ရေနံဈေးနှုန်းဟာ နိုင်ငံတကာဈေးနှုန်းဖြစ်တဲ့ အတွက် အချိန်နဲ့အမျှ ပြောင်းလဲနေပါတယ်။ ကျွန်တော်တို့ အမြဲတမ်းသိနေရတဲ့ London Stock

market တွေ၊ World Trade Stock market တွေမှာ ရေနံဈေးနှုန်းဟာ နေ့စဉ်နဲ့အမျှ ပြောင်းလဲနေပါတယ်။ ဒီလို ဈေးနှုန်းပြောင်းလဲနေတဲ့အခြေအနေမှာ ဝန်ကြီးဌာန(၄)ခုက သူတို့ရဲ့ Coordination Mechanism ကမရှိဘူး။ သူတို့ရဲ့ ဝန်ကြီးဌာနတစ်ခုချင်းရဲ့ လုပ်ပိုင်ခွင့်တွေနဲ့ပဲ ဒီလိုအမိန့်တွေ၊ ညွှန်ကြားချက်တွေ၊ ခွင့်ပြုမိန့်တွေ၊ အခကြေးငွေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ ကြီးကြပ်မှုတွေ၊ အရေးယူမှုတွေ၊ စစ်ဆေးမှုတွေ၊ သင့်လျော်တဲ့ အစီအမံတွေသာ ဒီလောက်များနေလို့ရှိရင် ဒီစီးပွားရေးလုပ်ငန်းဟာ ဘယ်လိုမှ ထောင်တက်လာစရာမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီ Coordination Mechanism တွေကို ပြန်ပြီးတော့ ရေးဆွဲရမှာဖြစ်တဲ့အတွက် အခန်း(၃)နဲ့ အခန်း(၄)ကို ကျွန်တော်တို့က ပြန်ပြီးတော့ ဥပဒေရေးဆွဲဖို့ ကျွန်တော်က အကြံဉာဏ် ဖြည့်စွက်ဆွေးနွေးတင်ပြအပ်ပါတယ်။

နောက် ပုဒ်မတစ်ခုပြပါ။ ဒါကတော့ ရေနံနဲ့ ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို ကျွန်တော်တို့ လွှတ်လပ်စွာ လုပ်ကိုင်ဖို့အတွက် ခွဲ့ထွင်တဲ့ နေရာမှာ ဈေးကွက်စီးပွားရေးနဲ့အညီ အောက်ပါအချက်တွေကို ကျွန်တော်တို့က သူတို့ရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းကို အပြည့်အဝပေးသင့်ပါတယ်။ ဒါမှသာ ရေနံနဲ့ ရေနံထွက်စီးပွားရေးလုပ်ငန်းတွေဟာ ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါက Organization Structure နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်က မူဝါဒအပိုင်းကို ဆွေးနွေးခြင်း ဖြစ်ပါတယ်။

အခန်း(၅)၊ ပုဒ်မ ၁၉၊ အရာရှိတစ်ဦးဦးဆိုတာ မူလဥပဒေက ပြောထားပါတယ်။ ကျွန်တော်က အဲဒီရှေ့မှာ သက်ဆိုင်ရာလုပ်ငန်း ဘာသာရပ်အလိုက် ပညာအရည်အချင်း၊ အရည်အသွေး၊ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိသည့် အရာရှိတစ်ဦးဦးဆိုပြီးတော့ ဖြည့်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရာရှိတစ်ဦးဦးဆိုတာ ဘာကို ရည်ညွှန်းတာလဲ၊ သူတို့နဲ့နီးစပ်တာလား ဒါမျိုးတွေကို စိုးရိမ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရေနံဟာ ရေနံနဲ့ကျွမ်းကျင်တဲ့ ပညာရှင်၊ အရည်အချင်းရှိတဲ့ ဘွဲ့ရပညာတတ်ကိုပဲ ထည့်သွင်းဖို့ လိုပါတယ်။

ပုဒ်မ ၂၀ ကို ကျွန်တော်အသစ်ထပ်ဖြည့်ချင်ပါတယ်။ အဲဒီဟာကတော့ လုပ်ပိုင်ခွင့်နဲ့အတူ ကိုးကားရန်လက်စွဲ လမ်းညွှန်စာအုပ်အား ပြုစုထားရမည်ဆိုတာမျိုးကို ဖြည့်စွက်ချင်ပါတယ်။ နောက် ပုဒ်မ ၂၀၊ ၂(က) စံချိန်စံညွှန်းဆိုတာမှာ နိုင်ငံတကာက လက်ခံကျင့်သုံးသော စံချိန်စံညွှန်းဆို၀ အချက်ကို ကျွန်တော်ထပ်မံ ဖြည့်စွက်လိုပါတယ်။ စမ်းသပ်ကိရိယာ၊ နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း စမ်းသပ်တွေ့ရှိချက်ကို လည်းကောင်းဆိုတဲ့အချက်ကို ကျွန်တော် စမ်းသပ်ကိရိယာရဲ့ ရှေ့မှာ ထပ်ပြီးတော့ ဖြည့်စွက်လိုပါတယ်။ ပုဒ်မ ၂၉ လိုအပ်သည့် စည်းမျဉ်းများအား အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်သည်ဆိုတဲ့အစား နည်းဥပဒေထုတ်ပြန်ရမည်ဆိုတာမျိုးကို ကျွန်တော်အစားထိုးချင်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၃၀ မှာ ကျွန်တော်အသစ်ထပ်ဖြည့်ချင်ပါတယ်။ အဲဒီအချက်ကတော့ ရရှိလာတဲ့ အကျိုးအမြတ်များကို ဒေသမှာ ပြန်လည်ရင်းနှီးမြှုပ်နှံရန်ဆိုတဲ့ CRA လို့ခေါ်ပါတယ်။ ကျွန်တော်တို့ Community Reinvestment Act လို့ခေါ်ပါတယ်။ တချို့နိုင်ငံမှာ ဒီဥပဒေပါအချက်တွေကို ဆက်ပြီးတော့ သုံးထားပါတယ်။ အဲဒီတော့ ရေနံနဲ့ ရေနံထွက်ပစ္စည်းမှရရှိလာတဲ့ အကျိုးအမြတ်ကို ဒေသရဲ့ဖွံ့ဖြိုးရေး၊

စီးပွားရေးလုပ်ငန်းတွေမှာ ပြန်လည်ပြီးတော့ ရင်းနှီးမြှုပ်နှံဖို့အတွက် ဒီဥပဒေတစ်ခု၊ ပုဒ်မတစ်ခုကို ထည့်သွင်းဖြည့်စွက်ဖို့အတွက် ကျွန်တော်ဆွေးနွေးလိုပါတယ်။

ပုဒ်မ ၃၂၊ အခွင့်အာဏာ အပ်နှင်းထားသော အရာရှိ သို့မဟုတ် အဖွဲ့အစည်းကဆိုတဲ့ ပုံစံမှာ ကျွန်တော် နားမလည်တဲ့အချက်ကို ဆွေးနွေးလိုပါတယ်။ ဘယ်လိုပုံစံနဲ့ အခွင့်အာဏာကို အပ်နှင်းမှာလဲ၊ သူတို့ရဲ့ အရည်အချင်းကဘာလဲ၊ ကျွမ်းကျင်မှုနောက်ခံ အခြေအနေက ဘာလဲဆိုတာကို ဒီနေရာမှာ ဖော်ပြဖို့လိုပါတယ်။ အခန်း(၇)၊ ပုဒ်မ ၃၄ သတ်မှတ်ထားသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်းဆိုတဲ့အချက်မှာ အဲဒီသတ်မှတ်ထားသော ဒဏ်ကြေးငွေကို ဘယ်သူက သတ်မှတ်မှာလဲ၊ ဘယ်လိုနည်းလမ်းများနဲ့ သတ်မှတ်ထားတာလဲ၊ အဆိုပါ ဒဏ်ကြေးသတ်မှတ်ထားမှုကို ဘယ်လို ပွင့်လင်းမြင်သာအောင် ချပြထားသလဲဆိုတာကို ဖော်ပြဖို့လိုပါတယ်။ ပြီးတော့ သတ်မှတ်ထားသော ဒဏ်ကြေးငွေ တပ်ရိုက်ထားခြင်းအစား ဆုံးရှုံးမှု ပမာဏအလိုက် အနည်းအများပေါ် မူတည်ပြီးတော့ ကြိုတင်သတ်မှတ်ထားမှုမျိုး မရှိသင့်ဘူးဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆုံးရှုံးမှုပမာဏ အနည်းအများအပေါ် မူတည်ထားတဲ့အတွက် အဲဒီအချက်ကိုလည်း ကျွန်တော်က ထပ်ပြီးတော့ ဖြည့်စွက်လိုပါတယ်။

အခန်း(၉)၊ ပုဒ်မ ၄၄၊ သင့်လျော်သည့်အချိန် မူလဥပဒေမှာ ရေးထားပါတယ်။ ကျွန်တော်ကတော့ အနည်းဆုံး (၃)နှစ်မှ အများဆုံး(၅)နှစ်ထက် နောက်မကျစေဘဲဆိုတာကို ပြင်ဆင်စေလိုပါတယ်။ ပုဒ်မ ၄၅ သက်တမ်းနှင့် စည်းမျဉ်းနဲ့ စည်းကမ်းအတိုင်း ဆက်လက်တည်ရှိရမည်ဆိုတဲ့အစား ကျွန်တော်ကတော့ ဥပဒေအတည်ပြုပြီးနောက် (၃)နှစ်အထိသာ အသက်ဝင်နေရမည်။ ထိုနောက် ဥပဒေအသစ်အဖြစ် ဆက်လက်ဆောင်ရွက်ရမည်ဆိုတဲ့ အချက်ကို ပြင်ဆင်လိုပါတယ်။ ဒီ ဥပဒေဟာ မူလဥပဒေနဲ့ ကျွန်တော်ပြင်ဆင်လိုတဲ့ ဥပဒေတွေမှာ မူလဥပဒေတွေကို အတိုချုံးပြီးတော့ ဒီအထဲမှာ ရေးထားခြင်းဖြစ်ပါတယ်။ ဥပဒေကို ဖတ်ရှုမှသာ ဒီဟာနဲ့တွဲပြီးတော့ နားလည်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ နိဂုံးချုပ်အနေနဲ့ ဒီ ရေနံနဲ့ ရေနံထွက်ပစ္စည်းကို ဆွေးနွေးလိုရတဲ့ အချက်က စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ဥပဒေဖြစ်တဲ့အတွက် လုပ်ငန်းရှင်များ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များရဲ့ အခက်အခဲ ကို ကျွန်တော်တို့က ဥပဒေအရ ဘယ်လိုဖြေရှင်းမလဲ၊ ဘယ်လိုဖြေလျှော့မလဲ၊ အခွန်အခတွေကို တိတိကျကျရနိုင်အောင် ဘယ်လိုဖန်တီးမွမ်းမံရမလဲဆိုတဲ့ အချက်တွေကို ကျွန်တော်တို့ ဥပဒေမှာ ရေးဆွဲဖို့ အထူးလိုအပ်ပါတယ်။

နံပါတ်(၂)က ဈေးကွက်စီးပွားရေးစနစ်ကို သွားတဲ့နေရာမှာ စီးပွားရေးဆိုင်ရာ ဥပဒေများကြောင့် စီးပွားရေးစနစ်၊ စီးပွားရေးအဖွဲ့အစည်းများရဲ့ ဝန်ထုပ်ဝန်ပိုးကို ထမ်းထားဖို့ ကျွန်တော်မလိုအပ်ပါဘူး။ ဈေးကွက်စီးပွားရေးစနစ်မှာ အဲဒီတော့ ဈေးကွက်ယန္တရားကို Levelize ချောမွေ့စေဖို့အတွက်ပဲ စီမံခန့်ခွဲမှု နည်းလမ်းများကနေပြီးတော့မှ ချောဆီထည့်ပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီဥပဒေရဲ့ အခန်း(၃)၊ (၄)နဲ့ အခြားဥပဒေပုဒ်မများကို ပြန်လည် ပြင်ဆင်ရမှာ၊ ဖြည့်စွက်ရမှာ၊ အသစ်ရေးဆွဲရမှာ ဖြစ်တဲ့အတွက် ကျွန်တော်က ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကျွန်တော်တို့ နိုင်ငံသားများအတွက် လွယ်ကူရှင်းလင်းတဲ့ ဥပဒေတွေ၊ ကျွန်တော်တို့ ကောင်းမွန်တဲ့ ဥပဒေတွေကို ကျွန်တော်တို့ အားလုံးဝိုင်းဝန်းကြိုးစားပြီးတော့ ပြဋ္ဌာန်းအတည်ပြုနိုင်ပါစေလို့ ဆုမွန် ကောင်းတောင်းပြီးတော့ ဂါရဝပြုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်က အတည်ပြုပြီးတော့ ပေးပို့လာတဲ့ တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော်ဆွေးနွေးရမယ်ဆိုရင် ကျွန်တော် အစီအစဉ်အတိုင်း မဆွေးနွေးဘဲနဲ့ အဓိကကျတဲ့ဟာကနေ စပြီးတော့ အချက်(၆)ချက်ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ တစ်ချက်ချင်းမှာလည်း ပုဒ်မ (၃)၊ (၄)ခုနဲ့ ဆိုင်နေတာတွေ ဖြစ်ပါတယ်။ အဲဒီတော့ ပထမဦးဆုံး ဆွေးနွေးချင်တဲ့ အချက်က ဒီ တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းရဲ့ ပုဒ်မ ၃(ဃ)မှာ တရားခံလွှဲပြောင်းပေးနိုင်သော ပြစ်မှုအဓိပ္ပာယ်ဆိုပြီးတော့ ထောင်ဒဏ်(၂)နှစ်နှင့်အထက် ချမှတ်နိုင်တဲ့ ပြစ်မှုမျိုး ဖြစ်ရမယ်လို့ သတ်မှတ်ထားသလို ပုဒ်မ ၅(က)မှာလည်း နှစ်နိုင်ငံတည်ဆဲဥပဒေတွငံ ထောင်ဒဏ် (၂)နှစ်နှင့်အထက် ချမှတ်နိုင်တဲ့ ဒီပြစ်မှုမျိုး ဖြစ်ရမယ်လို့ ကျွန်တော်တို့ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ သို့သော်လည်း ဒီ နောက်ဆက်တွဲ(က) နိုင်ငံရေး သဘောသဘာဝပြစ်မှုမဟုတ်တဲ့ စာရင်းဆိုပြီးတော့ နောက်ဆက်ဆွဲ(က)မှာ ပြဋ္ဌာန်းထားပါတယ်။ နောက်ဆက်တွဲ(က) ပြဋ္ဌာန်းတဲ့ ကိစ္စက ပုဒ်မ ၆(စ)မှာ ပါတဲ့ နိုင်ငံရေးသဘောသဘာဝရှိသော ပြစ်မှုများ မဟုတ်တဲ့အကြောင်းကို ကျွန်တော်တို့ နောက်ဆက်တွဲ(က)နဲ့ ပြဋ္ဌာန်းထားတယ်လို့ ရေးထားပါတယ်။

အဲဒီတော့ နောက်ဆက်တွဲ(က)ဆိုတဲ့ဟာသည် ကျွန်တော်တို့ ဒီ တရားခံလွှဲပြောင်းရေးကိစ္စ အတွက် ရည်ညွှန်း၀ ဥပဒေစာရင်းလား။ ရှင်းလင်းပြတ်သားတဲ့ ဖော်ပြမှုမျိုး မတွေ့ရပါဘူး။ သို့သော် ဒါပဲ ပြဋ္ဌာန်း ထားတဲ့အတွက် ဒီသဘောပဲ သက်ရောက်နေတယ်ဆိုတာတော့ ကျွန်တော်တို့ မြင်သာပါတယ်။ အဲဒါ ဆိုရင် စောစောက ကျွန်တော်ပြောတဲ့ ပုဒ်မ ၃(ဃ)တို့၊ ပုဒ်မ ၅(က)တို့မှာပါတဲ့ ဒီ နှစ်နိုင်ငံ တရားခံ

လွှဲပြောင်းဖို့အတွက် လိုအပ်တဲ့ အဓိကအချက်က (၂)နှစ်နဲ့အထက် ပြစ်မှုမျိုးဖြစ်ရမယ်ဆိုတဲ့ဟာ မျိုးသာလျှင် ဒီနောက်ဆက်တွဲ(က) မှာ ကျွန်တော်တို့ ဖော်ပြသင့်သော်လည်း နောက်ဆက်တွဲ(က)ရဲ့ ၁(င)မှာ ပုဒ်မ ၃၄၁ မတရားတားဆီးကန့်ကွက်မှုဆိုတဲ့ အမှုဟာ ကျွန်တော်တို့ ပြစ်မှုဆိုင်ရာ ဥပဒေမှာ ထောင်တစ်လပဲ ချလို့ရတဲ့ ပြစ်မှုဖြစ်တယ်ဆိုတာ ကျွန်တော်တို့ အတိအလင်းရှင်းရှင်းကြီး ဖော်ပြထား တဲ့အတွက် တော်တော်လွဲနေပါတယ်။ ဒီအတိုင်းပဲ အဲဒီ နောက်ဆက်တွဲ(က)ရဲ့ ၁(စ)မှာ ပြစ်မှု ပုဒ်မ ၃၄၂ မတရားချုပ်နှောင်မှုဆိုတဲ့ဟာကလည်း ဒီပြစ်မှုဆိုင်ရာ ကျွန်တော်တို့နိုင်ငံရဲ့ဥပဒေမှာဆိုရင် ထောင်တစ်နှစ် အထိပဲ ချလို့ရတဲ့အတွက် စောစောက (၂)နှစ်နဲ့ အထက်ချရမယ့် ကိစ္စလို့ဆိုတဲ့ဟာနဲ့ တော်တော်လွဲနေတာကို ကျွန်တော်တို့ ထပ်ပြီးတော့တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ အဲဒီ နောက်ဆက်တွဲ(က) ၁ (ဍ)မှာ ဒီဥပဒေတွေမှာ အားပေးကူညီမှုတွေလည်း သက်ဆိုင်တယ်ဆိုတော့ ဒါဆိုရင် ကျွန်တော်တို့ ပြစ်မှုဥပဒေ ပုဒ်မ ၃၄ ပူးပေါင်းကြံစည်မှု၊ ပုဒ်မ ၅၁၁ အားထုတ်မှု အဲဒါတွေကလည်း ကျွန်တော်တို့ ကျွန်းဒဏ်ထိကို ချလို့ရတဲ့ ပြစ်မှုမျိုးတွေဖြစ်တဲ့အတွက် ထောင်နှစ်(၂၀)လောက်ထိ ချလို့ရတဲ့ပြစ်မှုမျိုး တွေပါနိုင်တဲ့အတွက် ဒီလိုမျိုးဟာတွေလည်း ထည့်သွင်းဖော်ပြဖို့အတွက် ကွင်းကျန် နေတာ တွေ့ရပါတယ်။ ပြန်ချုံ့လိုက်ရင် နောက်ဆက်တွဲ(က) စာရင်းထဲမှာပါတဲ့ ဥပဒေတွေထဲမှာ ကျွန်တော်တို့နိုင်ငံမှာ ဒီနေ့ တည်ဆဲဥပဒေတွေထဲမှာပါတဲ့ (၂)နှစ်နဲ့အထက် ချနိုင်တဲ့ပြစ်မှု အမျိုးအစားတွေ အများကြီး ကွင်းကျန်နေတာ သွားတွေ့ရပါတယ်။ ဒါဆိုရင် အကြောင်းအရာတစ်ခုခုဖြစ်လာရင် ဒီနောက်ဆက်တွဲ(က) ထဲမှာမပါလို့ပါလို့ဆိုတဲ့ ပြဿနာတွေ ကျွန်တော်တို့ မရှင်းလင်းတဲ့ အကြောင်းတွေ အများကြီး ပေါ်ပေါက်လာနိုင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ (၂)နှစ်နဲ့အထက်လို့လည်း ပြောသေးတယ်၊ ပြီးရင် ဥပဒေ တွေကလည်း နှစ်နှစ်နဲ့အထက် ဥပဒေတွေ၊ တည်ဆဲဥပဒေတွေ အများကြီးရှိပါလျက်နဲ့ မပြည့်မစုံ ဖော်ပြမယ့်အစား ကျွန်တော်တို့ ရှင်းလင်းလွယ်ကူအောင် နိုင်ငံတော်သမ္မတ ကနေပြီးတော့ နိုင်ငံရေး သဘောသဘာဝရှိသော ပြစ်မှုမဟုတ်ဟု ဆုံးဖြတ်တဲ့ တည်ဆဲဥပဒေများအနက် ကနေပြီးတော့ ထောင်(၂)နှစ်နဲ့ (၂)နှစ်နဲ့အထက်ချမှတ်နိုင်တဲ့ ပြစ်မှုအားလုံး အကျုံးဝင်တယ်ဆိုပြီးရော အဲဒီလိုမျိုး ရှင်းလင်းပြတ်သားတဲ့ ပြဋ္ဌာန်းချက်မျိုး ပြင်ဆင်ဖို့လိုမယ်လို့ အကြံပြုလိုပါတယ်။

ဒုတိယတစ်ချက်တင်ပြလိုတာကတော့ ကျွန်တော်တို့ ဒီဥပဒေဟာ တရားခံလွှဲပြောင်းရေး ဥပဒေလို့ ပြောတဲ့အတွက် တခြားနိုင်ငံက တောင်းဆိုလာရင်လည်း လွှဲပြောင်းဖို့ကိစ္စဖြစ်သလို ကျွန်တော်တို့ နိုင်ငံကလည်း တောင်းဆိုဖို့လိုရင် တောင်းဆိုနိုင်တဲ့ ပြဋ္ဌာန်းချက်မျိုးဖြစ်ဖို့လိုပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ပုဒ်မ ၂၊ ပုဒ်မ ၃(စ)၊ ပုဒ်မ ၄(က)၊ ပုဒ်မ ၅ အဲဒီပြဋ္ဌာန်းချက်တွေမှာ သူများ နိုင်ငံက တောင်းဆိုလာရင် ဘာလုပ်မယ်ဆိုတာပဲပါတယ်။ ကိုယ့်နိုင်ငံက တောင်းဆိုလာရင် ဘာလုပ် မယ်ဆိုတာ တစ်လုံးမှ မပါတဲ့အတွက် ဒီဥပဒေဟာ တော်တော်လေး ကျွန်တော်တို့ ပြီးလွယ်စီးလွယ် ရေးသားထားတဲ့သဘော သက်ရောက်နေတယ်လို့ ကျွန်တော်တော့ မြင်ပါတယ်။

ဒါကြောင့်မို့လို့ ပြည့်စုံအောင် ပြုပြင်ဖို့လိုပါတယ်။ ဒီအတိုင်းပဲ ပုဒ်မ ၂၆ မှာ၊ ကျွန်တော်တို့ ပြင်ဖို့လိုတာကတော့ သဘောကတော့ ပုဒ်မ ၂၆ ကျွန်တော်တို့နိုင်ငံက တောင်းမယ်ဆိုရင် ဘယ်လို လုပ်မလဲ၊ အဲဒီတော့ ဘယ်အထိပဲ ဒီဥပဒေမှာ ပုဒ်မ ၂၆ ကရေးထားလဲဆိုတော့ ယင်းနိုင်ငံနဲ့ တရားခံ

လွှဲပြောင်းရေး သဘောတူစာချုပ်ရှိပါက စာချုပ်ပါအတိုင်း ဆောင်ရွက်ရန်။ စာချုပ်မရှိရင် ဘယ်လိုလုပ်မလဲ။ အဲဒီအချက် လုံး၀ မပါပါဘူး။ ဒါကြောင့်မို့လို့ ပုဒ်မ ၂၆ မှာလည်း (ဃ)အနေနဲ့ တရားခံလွှဲပြောင်းရေး သဘောတူစာချုပ်မျိုးမရှိပါက တရားခံလွှဲပြောင်းရေး နှစ်နိုင်ငံသဘောတူညီချက်ရရှိဖို့အတွက် အစိုးရအဖွဲ့ကို တင်ပြပြီးဆောင်ရွက်ရမယ် ဆိုတဲ့အချက်လည်း ဖြည့်စွက်ဖို့ လိုမှာဖြစ်ပါတယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့ ဒီဥပဒေမှာ ဖြည့်ဖို့လိုတာက မမှန်မကန် လုပ်ကြံပြီးတော့၊ ကျွန်တော်တို့ အမှုဆင်ပြီးတော့ တောင်းဆိုလာပြီဆို ဘယ်လိုလုပ်မလဲ။ ဟုတ်လား။ ကျွန်တော်တို့ တရားခံ မလွှဲရသေးရင်တော့ စဉ်းစား ဆုံးဖြတ်နိုင်တယ်။ လွှဲပြီးသွားရင် လွှဲပြီးသွားတော့မှ ဒါသည် တကယ့်အမှု မဟုတ်ဘဲနဲ့ လုပ်ကြံ အမှုဆင်ပြီးတော့ တောင်းဆိုတာဖြစ်တယ်ဆိုတာသိရင် ဘယ်လိုလုပ်မလဲ။ ဒီလိုပြဋ္ဌာန်းချက်မျိုးလည်း ထည့်သွင်းထားဖို့ လိုမှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ အဓိပ္ပာယ်ရှင်းလင်းဖို့ လိုအပ်တဲ့ကိစ္စတွေပါ။ ကျွန်တော်တို့ ပုဒ်မ ၂၃(င)၊ ပုဒ်မ ၃၁(ဂ)။ ရက်ပေါင်း ဘယ်လောက်ကြာလို့မှ တစ်ဖက်နိုင်ငံက ဘာမှမလုပ်ရင် ဘာလုပ်မလဲဆိုတဲ့ကိစ္စ။ အဲဒါက တည်ဆဲဥပဒေများအရ ဆောင်ရွက်မယ်တဲ့။ တည်ဆဲဥပဒေများအရ ဆောင်ရွက်မယ်ဆိုတာက ဘာကိုဆိုလိုတာလဲ ဆိုတာ ရှင်းလင်းဖို့လိုပါတယ်။ ဒီဥပဒေရဲ့ ပုဒ်မ ၁၇ မှာဆိုရင် တရားခံလွှဲပြောင်းရေး ဆောင်ရွက်လို့ မပြီးမချင်း ကျွန်တော်တို့ တရားခံက တရားသူကြီးအမိန့်နဲ့ အချုပ်ထဲ ထည့်ထားနိုင်တယ်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ဒီလိုဆို တစ်ဖက်ကနေ ဘာမှမလုပ်မချင်း ဒီ တရားခံက အချုပ်ထဲမှာ နှစ်နဲ့ချီပြီးနေရမယ့်အစား ရှင်းလင်းပြတ်သားစွာ ဟုတ်လား။ တစ်ဖက်နိုင်ငံက ဘာမှမလုပ်ရှားဘူး။ ဟုတ်လား။ လုပ်ဖို့ပျက်ကွက်တယ် ဆိုရင် ရက်ပေါင်းဘယ်လောက်အတွင်း ရက်ပေါင်း(၉၀)အတွင်း၊ ရက်ပေါင်း(၁၂၀)အတွင်း ဒီ တရားခံကို ဘာလုပ်ရမယ်ဆိုတဲ့ ရှင်းလင်းပြတ်သားတဲ့ ပြဋ္ဌာန်းချက်မျိုး လိုအပ်မယ်လို့ ထင်ပါတယ်။

နောက်ဆုံး တင်ပြလိုတဲ့အချက်ကတော့ မြန်မာစာ အရေးအသားပါ။ ဒီ ဥပဒေမှာ စောစောက ပြောတဲ့ ပုဒ်မ ၃(ဃ)တို့၊ ၅(က)တို့မှာနော် တရားခံလွှဲပြောင်းပေးနိုင်တဲ့ပြစ်မှု ဆိုသည်မှာ ဟုတ်လား ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်(၂)နှစ်နှင့်အထက် ချမှတ်နိုင်တဲ့ပြစ်မှုလို့ သူက ပြောပါတယ်။ အဲဒီတော့ (၂)နှစ်နှင့်အထက်ဆိုတော့ (၂)နှစ် မပါဘူးလား၊ ပါလား။ ရှင်းလင်း ပြတ်သားတဲ့ အသုံးအနှုန်း လိုပါတယ်။ ထောင်ဒဏ်(၂)နှစ်နှင့်အထက်လို့ ပြောရင် (၂)နှစ်နှင့်အထက် ဆိုတာသည် စကားစုတစ်ခု အနေနဲ့တွက်မယ်ဆိုရင် ထောင်ဒဏ်(၂)နှစ်နှင့်အထက် ကိုပဲပြောတာ။ (၂)နှစ်၊ (၂)နှစ်အောက် မပါဘူး ဆိုတဲ့အဓိပ္ပာယ် သက်ရောက်ပါတယ်။ အဲဒီတော့ အဲဒီလိုမဖြစ်အောင် ထောင်ဒဏ်(၂)နှစ်နှင့် (၂)နှစ် အထက်ပြစ်မှုများလို့ ရှင်းလင်းပြတ်သားတဲ့ ကျွန်တော်တို့ မြန်မာစာ အရေးအသားမျိုး ပြင်ဆင်ဖြည့်စွက် ဖို့လိုပါတယ် ဆိုတာကို တင်ပြရင်းနဲ့ ကျွန်တော့်ရဲ့ ဆွေးနွေးမှုကို နိဂုံးချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဒွေးဦး ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး တတိယနေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]